# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

EMReF
Enlightened Myanmar Research Foundation

အမှတ် (၄၃)၊ နိုဝင်ဘာ ၁၄ ရက်၊ ၂၀၁၇


## မွန်လွှတ်တော်နှင့် မော်လမြိုင်တက္ကသိုလ်တို့ ပူးပေါင်း၍ ရှေးဟောင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသနပြုမည်

**နိုဝင်ဘာ ၇ ၊ ၂၀၁၇**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် အတွင်းတွင် ရှေးဟောင်းယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ သုတေသနတစ်ရပ်ပြုလုပ်မည်ဟု မွန်ပြည်နယ် လွှတ်တော်ထံမှ သိရသည်။

အဆိုပါ သုတေသနကို မွန်ပြည်နယ်လွှတ်တော်နှင့် မော်လမြိုင်တက္ကသိုလ် သမိုင်းဌာန၊ ပထဝီဝင်ဌာန၊ ရူပဗေဒဌာန၊ မြန်မာစာဌာနနှင့် ဘူမိဗေဒဌာနတို့မှ ဆရာ၊ ဆရာမတို့နှင့်ပူးပေါင်း၍ နိုဝင်ဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးက ပြောကြားသည်။

သုတေသနပြုရာတွင် ရှေးဟောင်း ဘုရားနှင့် ကျောက်စာများ၊ ထုံးကျောက်ဂူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ အင်းများနှင့် ရေပူစမ်းများစသည့် ခေါင်းစဉ်ခွဲ သုံးခုဖြင့် ပြုလုပ်သွားမည် ဖြစ်သည်။

သုတေသနကို နိုဝင်ဘာလမှ စတင်ပြီး ၂၀၁၈ ခုနှစ် ဖွန်လအထိ ၈ လ အတွင်း အပြီးလုပ်ဆောင် သွားမည်ဟု သုတေသနပြုသူများထံမှ သိရသည်။

သုတေသနမှ ရရှိလာမည့်အချက်အလက်များကိုစာတမ်းပြုစုသွားမည့်အပြင် စာတမ်းဖတ်ပွဲတစ်ရပ်ကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သုတေသနပြုသူများက ပြောသည်။

**(ကိုးကား- daweiwatch)**

## ရန်ကုန် ၁၁ မြို့နယ်၌ ဆန္ဒဖော်ထုတ်ခွင့် ပိတ်ပင်လိုက်သည့်အပေါ် NLD လွှတ်တော် ကိုယ်စားလှယ်အချို့ ဝေဖန်

**နိုဝင်ဘာ ၉၊ ၂၀၁၇**

ရန်ကုန်မြို့တွင်း ၁၁ မြို့နယ်အတွင်း၌ ဆန္ဒဖော်ထုတ်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရမှ ပိတ်ပင်မှုအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) လွှတ်တော်ကိုယ်စားလှယ်အချို့က ဝေဖန်မှုများ ရှိနေသည်။

"ဒီမိုကရေစီစံနှုန်းတွေအရဆို ပြောစရာတွေ ဖြစ်လာတာပေါ့။ ကျွန်တော်တို့ NLD ရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းကို ခဏဘေးချိတ်ထားဦး၊ နိုင်ငံတော်သမ္မတပါ သစ္စာဆိုထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) မှာကို နိုင်ငံသားများနှင့် မူလအခွင့်အရေးနဲ့ တာဝန်များဆိုတာပါပြီး သား ပုဒ်မ(၃၅၁)မှာ အဲဒီထက်ကို ကျော်လွန်တဲ့အမိန့်ဖြစ်နေပြီဗျာ"ဟု တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ (ဒဂုံ-၂)က ပြောသည်။

တိုင်းဒေသကြီးအစိုးရက ပိတ်ပင်လိုက်



**မတ်လ ၂၆ ရက် နံနက်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့တွင် အလုပ်သမားများ ဆန္ဒဖော်ထုတ်နေစဉ်။**

သည့် ၁၁ မြို့နယ်မှာ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ဗဟန်း၊ စမ်းချောင်း၊ ဒဂုံ၊ အလုံ၊ မင်္ဂလာတောင်ညွန့်နှင့် ပုဇွန်တောင်မြို့နယ်တို့ ဖြစ်သည်။

အဆိုပါ မြို့နယ်များအတွင်း၌ လူသွားလူလာထူထပ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ အများပြည်သူများ အနှောင့်အယှက်ဖြစ်နိုင်ခြင်းစသည့် အကြောင်းပြချက်များဖြင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက နိုဝင်ဘာလ ၇ ရက်နေ့ ရက်စွဲဖြင့် ဝန်ကြီးချုပ်ကိုယ်စား လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပိတ်ပင်ခံရသည့် မြို့နယ် ၁၁ မြို့နယ်အတွင်း၌ပါဝင်သည့် အလုံမြို့နယ်မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်းက "လုံခြုံရေးအရ ဆောင်ရွက်တယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ရှေ့အစိုးရအဖွဲ့တုန်းကတောင် ဒီလိုမျိုးမလုပ်တာဆိုတော့ ဒီသတင်းထုတ်ပြန်လိုက်တဲ့အချိန်မှာ အံ့သြတယ်"ဟု ဆိုသည်။

ရန်ကုန်မြို့တွင်း၌ ဆန္ဒဖော်ထုတ်ရန် ယခင်က တာမွေမြို့ရှိ ဟစ်တိုင်ကွင်း၌ စီစဉ်ပေးထားသော်လည်း လူအများစည်ကားရာ မြို့တော်ခန်းမရှေ့နှင့် မဟာဗန္ဓုလပန်းခြံတွင်သာ ဆန္ဒဖော်ထုတ်ခြင်းများ ရှိနေသည်။ **(ကိုးကား- မဇ္ဈိမ)**

# ကရင်လွှတ်တော်သို့ တိုင်ကြားစာများမှာ မြေယာပြဿနာ ၉၀ ရာခိုင်နှုန်းခန့် ဖြစ်နေ

**နိုဝင်ဘာ ၁၁၊ ၂၀၁၇**

ကရင်ပြည်နယ်လွှတ်တော်သို့ ယခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလအထိ အများပြည်သူတိုင်းကြားစာ ရောက်ရှိလာမှုတွင် အများစုမှာ မြေယာပြဿနာဖြစ်ပြီး ၉၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု ပြည်နယ်လွှတ်တော်၊ အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိကဝတ်များ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာစိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စောလှမြင့်(သံတောင်ကြီး-၁) က ပြောသည်။

၎င်းက "တိုင်ကြားစာ ၅၄ စောင်မှာ မြေယာနဲ့ပတ်သက်တဲ့တိုင်စာ ၉၀ ရာခိုင်နှုန်းရှိတယ်။ လျှပ်စစ်မီးကိစ္စနဲ့ အခြားတိုင်ကြားတဲ့စာက ၁၀ ရာခိုင်နှုန်းပါတယ်။ အစိုးရဌာနက သိမ်းတဲ့မြေကိစ္စတွေ၊ မွေးမြူရေးဇုန်ပုံစံလိုမျိုးပေါ့။ တပ်ကသိမ်းထားတဲ့ပုံစံမျိုးတွေကို ပြည်နယ်အစိုးရအဖွဲ့ကို လွှဲပေးတယ်။ ကျန်တဲ့အမှုတွေကို စိစစ်ဆောင်ရွက်ဆဲပါ"ဟု ပြောသည်။

တိုင်ကြားစာ ၂၈ မှုကို အစိုးရအဖွဲ့ထံ လွှဲအပ်ထားပြီး ကော်မတီအနေဖြင့် ၁၂ မှုကို စစ်ဆေးဆောင်ရွက်နေကြောင်း၊ ကျန် ၁၄ မှုကို စိစစ်နေဆဲဖြစ်ပြီး အစိုးရအဖွဲ့အနေဖြင့် စိစစ်ဆောင်ရွက်နေသည့် အမှုများကို ကော်မတီသို့ အကြောင်းမပြန်သေးသဖြင့် ဆောင်ရွက်ပေးနိုင်မှု အခြေအနေ မသိရသေးကြောင်း၊ ပြည်သူများ၏ တိုင်ကြားမှုများကို စိတ်ကျေနပ်သည်အထိ မျှမျှတတ ဆောင်ရွက်ပေးသွားမည်ဟု ဦးစောလှမြင့်က ဆိုသည်။

လက်ရှိ ကရင်ပြည်နယ်အတွင်း မြေယာသိမ်းဆည်းခံရမှုအများစုမှာ အစိုးရ၊ တပ်နှင့် ကုမ္ပဏီများက သိမ်းယူမှုများဖြစ်သလို ပြေလည်အောင် မဖြေရှင်းနိုင်သေးသည်ကို တွေ့ရကြောင်း၊ တပ်သိမ်းမြေများ ပြန်စွန့်လွှတ်သော်လည်း မူလပိုင်ရှင်များထံ လက်ဝယ်မရရှိမှုများလည်းရှိကာ မြေယာအသိမ်းခံရမှုများကို ပွင့်လင်းမြင်သာမှုရှိရှိ ဖြေရှင်းပေးရန်လိုသည်ဟု မြေယာနှင့် အလုပ်သမားအရေး လှုပ်ရှားနေသည့် မြန်မာနိုင်ငံ တိုင်းရင်းလူထုတိုးတက်ရေးမိတ်ဖက်အဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးထွန်းမြင့်အောင်က မှတ်ချက်ပေးခဲ့သည်။

**(ကိုးကား- ကေအိုင်စီ)**

# တိုင်စာပေါင်း ၁,၁၀၀ ခန့်တွင် မွန်လွှတ်တော် တိုင်ကြားစာကော်မတီက ဖြေရှင်းပေးရန် (၁၀) စောင်ခန့်သာ ကျန်ရှိဟုဆို

**နိုဝင်ဘာ ၉၊ ၂၀၁၇**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်သက်တမ်း၌ တိုင်ကြားစာနှင့် အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီထံ တိုင်စာပေါင်း (၁,၁၀၀) ခန့် ရှိသည့်အနက် ဆက်လက်ဖြေရှင်းပေးရန် တိုင်ကြားစာ (၁၀)စောင်ခန့်သာ ကျန်ရှိတော့ကြောင်း အဆိုပါကော်မတီဥက္ကဋ္ဌဦးအောင်ကျော်သူက ပြောသည်။

အဆိုပါတိုင်ကြားစာများတွင် မြေယာပြဿနာကိစ္စ အများဆုံးပါဝင်ပြီး မီးလင်းရေးကော်မတီနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့်ကိစ္စများ ပါဝင်ကြောင်း သိရသည်။

လက်ရှိဖြေရှင်းရန် ကျန်ရှိနေသည့် တိုင်စာ(၁၀)စောင်သည် ချက်ချင်းဖြေရှင်း၍မရသော ဆေးရုံမှဆရာဝန်အား တိုင်သည့်ကိစ္စမျိုးဖြစ်ရာ ဆေးရုံ၏လုပ်ထုံးလုပ်နည်းများကို ပြန်လည်လေ့လာနေရကြောင်း၊ ချက်ချင်းဖြေရှင်း၍မရသော တရားဥပဒေပိုင်းဆိုင်ရာကျွမ်းကျင်သူများနှင့် တတ်သိပညာရှင်များ လိုအပ်ချက်များရှိနေကြောင်း ၎င်းကဆက်ပြောသည်။

တိုင်ကြားစာကော်မတီ အတွင်းရေးမှူး ဦးဇော်ဇော်ထူးက "ကျွန်တော်တို့ ကော်မတီဘက်က ဒီသက်ဆိုင်ရာဌာနတွေဆီပေးပို့လိုက်တဲ့ တိုင်စာတွေကို သူတို့ဘက်ကလည်း မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်ပေးတယ်၊ data တွေလည်း မြန်မြန်ဆန်ဆန်သိလာရတဲ့အတွက် ကျွန်တော်တို့ဘက်က လုပ်ဆောင်ရတာ ပိုပြီးမြန်ဆန်သွားတယ်"ဟု ပြောသည်။

တိုင်ကြားစာနှင့် အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီကို လွန်ခဲ့သည့် ၂၀၁၆ ဖေဖော်ဝါရီလတွင်ကျင်းပသော ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ကော်မတီဝင်(၁၁)ဦးနှင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ် တစ်နှစ်အတွင်း ကော်မတီအစည်းအဝေးကို (၄၄)ကြိမ်ကျင်းပခဲ့ပြီး ကွင်းဆင်းလေ့လာသည့်အကြိမ် (၂၀)ခန့်ရှိခဲ့ကြောင်း သိရသည်။

**(ကိုးကား-မွန်သတင်းအေဂျင်စီ)**


ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

**သတင်းစာစဉ်**

စုစည်းတင်ပြသူ

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း

ဆက်သွယ်ရန်

၀၉-၂၆၁၆၅၄၀၄၅

www.emref.org

www.mypilar.org

www.facebook.com/emrefmyanmar

# စစ်ကိုင်းတိုင်းလွှတ်တော် ဒသမပုံမှန် အစည်းအဝေးထိ ဆောင်ရွက်ချက်များ

**အောက်တိုဘာ ၂၄၊ ၂၀၁၇**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို အောက်တိုဘာလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့ထိ ၁၄ ရက်ကြာ ကျင်းပခဲ့သည်။ ဒသမပုံမှန်အစည်းအဝေးအတွင်း လွှတ်တော်ကိုယ်စားလှယ် ၄၄ ဦးက ပေးပို့တင်ပြသည့် ကြယ်ပွင့်ပြ မေးခွန်း ၇၂ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၂၂ ခု၊ အဆို ၄ ခု၊ ဥပဒေမူကြမ်း ၃ ခုအနက် ကြယ်ပွင့်ပြမေးခွန်း ၅၈ ခု၊ ကြယ်ပွင့်မပြ ၁၅ ခု၊ အဆို ၂ ခုတို့ကို စိစစ်ရွေးချယ်ပြီး ဆွေးနွေးမေးမြန်းခဲ့ကြသည်။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာတစ်ခုကိုလည်း လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။ ဥပဒေမူကြမ်းနှစ်ခုတွင် တစ်ခုကိုသာ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့ပြီး ဥပဒေပြုရေးကော်မတီသို့ စိစစ်ရန် လွှဲပြောင်းပေးပို့ခဲ့သည်။

စစ်ကိုင်းတိုင်းလွှတ်တော် ဒုတိယအကြိမ် သက်တမ်းအတွင်း ပုံမှန်အစည်းအဝေး ၁၀ ကြိမ်၊ အရေးပေါ်အစည်းအဝေး တစ်ကြိမ်၊ အထူးအစည်းအဝေး တစ်ကြိမ် ကျင်းပခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၅၂၂ ခု၊ ကြယ်ပွင့်မပြ ၂၁၇ ခု၊ အဆို ၁၁ ခုတို့ကို တင်သွင်းမေးမြန်းခဲ့သည်။

၎င်းတို့တွင် အဋ္ဌမပုံမှန်အစည်းအဝေးထိ စိစစ်ပြီး ကတိဖြစ်မေးခွန်း ၁၈၂ ခု၊ အတည်ပြု အောင်မြင်သည့်အဆို ၁၁ ခု ရှိသည်။ ဥပဒေအနေဖြင့် အသစ်ရေးဆွဲအတည်ပြုနိုင်မှု တစ်ခု၊ ပြင်ဆင်သည့်ဥပဒေနှစ်ခုကို ဆောင်ရွက်ထားပြီးဖြစ်သည်။



**(ကိုးကား-ဒီဗွီဘီ)**

# မောင်တောဒေသ ပြန်လည်ထူထောင်ရေးကိစ္စ ရခိုင်လွှတ်တော်သို့တင်ပြဖို့ လိုအပ်ဟုဆို

**အောက်တိုဘာ ၂၇၊ ၂၀၁၇**




အကြမ်းဖက်ခံရမှု ဖြစ်စဉ်များကြောင့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် ဒေသ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်ပြီးပြည်ထောင်စု၏လမ်းညွှန်ချက်ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရခိုင်ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြပြီး ဆွေးနွေးရန်လိုအပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ပြောသည်။

"အခုထက်ထိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရခိုင်လွှတ်တော်ကို ပြောတာ၊ ဆိုတာ၊ စီစဉ်ချပြတာ တစ်ခုမှမရှိသေးဘူး။ လွှတ်တော်ကတော့ သူတို့ဘာလုပ်မလဲဆိုတာကို စောင့်ကြည့်နေတယ်။ အစိုးရအဖွဲ့အနေနဲ့ ရခိုင်ပြည်မှာဖြစ်တဲ့ကိစ္စကို ရခိုင်လွှတ်တော်ရော၊ ရခိုင်ပါတီရော၊ ရခိုင်မှာရှိတဲ့ CSO တွေကို ချပြသင့်တယ်။ ပြောသင့်တယ်"ဟု ပြောသည်။

ဘူးသီးတောင်၊ မောင်တောဒေသ ပြန်လည်ထူထောင်ရေးကိစ္စ အပါအဝင် အခြား ရခိုင်ပြည်နယ်၏အရေးကိစ္စများကို ဆွေးနွေးနိုင်ရန် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုဝင်ဘာလတွင် ခေါ်ယူသွားမည်ဟု ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ဆိုသည်။

အဆိုပါအစည်းအဝေးတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်ရှိလုပ်ဆောင်နေသည့် ဘူးသီးတောင်၊ မောင်တောပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်းမရှိပါက ရခိုင်ပြည်နယ်လွှတ်တော်အနေဖြင့် ဆွေးနွေးသွားမည်ဖြစ်ပြီး လုပ်သင့်လုပ်ထိုက်သည်များ ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ချက်များနှင့် အကြမ်းဖက်ခံရမှုကြောင့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည့် ဘူးသီးတောင်၊ မောင်တောဒေသကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့အပါအဝင် အခြားတိုင်းခြောက်ခုက အကူအညီပေးရန် အသီးသီးတာဝန်ယူထားကြကြောင်း သိရသည်။

**(ကိုးကား- Development Media Group)**